JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

ဇွန်လ ၁၆ ရက်၊ ၂၀၂၂ - မြန်မာ

# စစ်လက်နက်ပွဲစားများအပေါ် ယူကေနိုင်ငံ၏ နောက်ထပ်ဒဏ်ခတ်ပိတ်ဆို့မှုများကို Justice For Myanmar ကြိုဆို

စစ်လက်နက်ပွဲစားတွေကို ပစ်မှတ်ထားတဲ့ ယူကေနိုင်ငံရဲ့ ဒုတိယအသုတ် ဒဏ်ခတ်ပိတ်ဆို့မှုတွေကို Justice For Myanmar က ကြိုဆိုလိုက်ပါတယ်။

မြန်မာ့လေတပ်ကို လက်နက်ပေးသွင်းနေပြီး၊ စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ ကြံရာပါ ပတ်သက်နေတဲ့ ရုရှားစစ်လက်နက်ရောင်းချသူကုမ္ပဏီ ၃ ခုနဲ့ မြန်မာစစ်လက်နက်ပွဲစားကုမ္ပဏီ ၃ ခုတို့ကို ယူကေ နိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်လိုက်တာ ဖြစ်ပါတယ်။

မြန်မာကုမ္ပဏီများ

- **Myanmar New Era Trading Company Limited** - ယင်းကုမ္ပဏီက စစ်တပ်ရဲ့ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ရုရှားနိုင်ငံမှ Mi-17 အပိုပစ္စည်း တွေကို ဝယ်ယူထားပါတယ်။ ယင်းကုမ္ပဏီက International Gateways Group နဲ့ ဆက်နွယ် နေတဲ့ကုမ္ပဏီလည်း ဖြစ်ပါတယ်။

- **Sky Aviator Company Limited**- Justice For Myanmar ဆီ ပေါက်ကြားလာတဲ့ အဆိုပြုလွှာတစ်စောင်အရ အဲ့ဒီကုမ္ပဏီက Concern Radio-Electronic Technologies (KRET) က YAK-130 ပံ့ပိုးစက်ပစ္စည်းတွေ ဝယ်ယူတာ၊ United Engine Corporation က ပြန်လည်ပြင်ဆင်ထားတဲ့ တာဘိုဂျက်အင်ဂျင်တွေ ဝယ်ယူတာ၊ Rosoboronexport and Motor Sich က အင်ဂျင်အပိုပစ္စည်းတွေ ဝယ်ယူတာတွေ အပါအဝင် စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ရုရှားနိုင်ငံနဲ့ ယူကရိန်းနိုင်ငံတို့ဆီက စက်ပစ္စည်းတွေ ဝယ်ယူခဲ့တဲ့ မြန်မာစစ်လက်နက်ပွဲစား ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ Sky Aviator က JSC ရုရှားဟယ်လီကော်ပတာရဲ့ မြန်မာနိုင်ငံ အရောင်းကိုယ်စားလှယ်ဖြစ်ပါတယ်။

- **Synpex Shwe Company Limited**- ယင်းကုမ္ပဏီက စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာစစ်တပ်အတွက် ဟယ်လီကော်ပတာ အပို ပစ္စည်းတွေကို Sins Avia Trading House

(CNS Aviation) က ဝယ်ယူခဲ့ပါတယ်။ အဲ့ဒီကုမ္ပဏီက စစ်တပ်ရဲ့ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ပစ္စည်း ပေးသွင်းသူလည်း ဖြစ်ပါတယ်။

ရုရှားကုမ္ပဏီများ

- **JSC Gorizont-** ယင်းကုမ္ပဏီက ဩစတြေးလျနိုင်ငံရဲ့ Schiebel Corporation ဆီက ထုတ်လုပ်ခွင့်လိုင်စင်နဲ့ Camcopter S-100 UAV တွေကို ထုတ်လုပ်ပါတယ်။ မြန်မာ့ရေတပ်နဲ့ မြန်မာ့လေတပ် နှစ်တပ်လုံးက Camcopter S-100 UAVs တွေကို ဝယ်ယူထားပါတယ်။ မြန်မာစစ်တပ်ရဲ့စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း Gorizont က မြန်မာစစ်လက်နက်ပွဲစား ကုမ္ပဏီ တစ်ခုဖြစ်တဲ့ Miya Win International Limited, ထံ ယူအေဗွီအပို ပစ္စည်းတွေကို တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့ပစ္စည်းတွေမှာ ဩစတြေးလျနိုင်ငံရှိ Schiebel ကုမ္ပဏီက ဝယ်ယူခဲ့တဲ့ ပစ္စည်းတွေ ပါဝင်ပြီး၊ ဒါဟာ အီးယူဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရှောင်လွှဲဖို့ ကြိုးပမ်းမှုတစ်ခု ဖြစ်ကြောင်းကို ပြသနေတာ ဖြစ်ပါတယ်။ Miya Win International ကို ယူကေနိုင်ငံက မတ်လ ၂၅ ရက်နေ့မှာ ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့ပါတယ်။

- **Sins Avia Trading House LLC (CNS Aviation)-** ယင်းကုမ္ပဏီက မြန်မာစစ်လက်နက်ပွဲစား ကုမ္ပဏီ Synpex Shwe Company Limited ဆီ၂၀၂၁ ခုနှစ်၊ မတ်လက ဟယ်လီကော်ပတာ အပိုပစ္စည်းတွေကို တင်ပို့ခဲ့ပါတယ်။

- **Ural Avia LLC**- ယင်းကုမ္ပဏီက လေယာဉ်ဆိုင်ရာအပိုပစ္စည်းတွေတင်သွင်းခြင်းနဲ့ ပြုပြင်ခြင်းလုပ်ငန်းတွေကို အဓိကထား လုပ်ဆောင်တဲ့ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ ImportGenius ဆီက မှတ်တမ်းတွေအရ မြန်မာစစ်လက်နက်ပွဲစားကုမ္ပဏီ Dynasty International Company Limited ဆီ Mi-17 အပိုပစ္စည်းတွေကို ရောင်းချခဲ့ပါတယ်။ Dynasty International နဲ့ ကုမ္ပဏီဒါရိုက်တာ ဒေါက်တာအောင်မိုးမြင့်တို့ကို မတ်လ ၂၅ ရက်နေ့မှာ ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာပြည်သူတွေအပေါ် စစ်ကောင်စီရဲ့အကြမ်းဖက်စစ်ဆင်ရေးကို အားပေးကူညီနေတဲ့ စစ်လက်နက်ပေးသွင်းသူတွေအပေါ် ယူကေနိုင်ငံရဲ့ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုကို ကျွန်မတို့ ကြိုဆိုပါတယ်။

“စစ်တပ်ရဲ့ဆက်ပြီးကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို စစ်လက်နက်တွေ၊ စက်ပစ္စည်းတွေ၊ ဂျက်လေယာဉ်ဆီတွေနဲ့ အခွန်ဝင်ငွေတွေကို သူတို့လက်လှမ်းမီရရှိနေတာက အားပေးကူညီနေတာ ဖြစ်ပါတယ်။

“စစ်တပ်ရဲ့နိုင်ငံတကာရာဇဝတ်မှုတွေကို ရပ်တန့်ဖို့ဆိုရင် သူတို့ရဲ့ထောက်ပံ့ရေးကွင်းဆက်တွေကို စနစ်တကျ ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့အရေးယူဖို့ မဖြစ်မနေလိုအပ်ပါတယ်။

“အခုအချိန်အထိ အရေးယူဆောင်ရွက်ဖို့ ပျက်ကွက်နေတဲ့ သြစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုးရီးယားတို့အပါအဝင် ဒေသတွင်းဒီမိုကရေစီနိုင်ငံများကို မြန်မာစစ်တပ်ရဲ့စီးပွါးရေးအကျိုးစီးပွါးတွေနဲ့ စီးပွားရေးဆက်ဆံရေးတွေအပေါ် ညီညွတ်အားကောင်းတဲ့ နိုင်ငံတကာအရေးယူဆောင်ရွက်မှုတွေ အရေးတကြီးလုပ်ဆောင်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။” ဟု ပြောကြားပါတယ်။

## ပိုမိုသိရှိရန်

ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်သတင်းဆောင်းပါးဖြစ်သော “မြန်မာစစ်တပ်အား ပစ္စည်းပေးသွင်းနေမှုအတွက် ဒဏ်ခတ်ပိတ် ဆို့မှုများ ချမှတ်ရန်လိုအပ်သည့် ရုရှားစစ်လက်နက်ကုမ္ပဏီများ” ကို ဖတ်ရှုပါ။

International Gateways Group, Myanmar Consultancy Company Limited နှင့် Myanmar New Era Trading တို့အကြောင်း ကျွန်ုပ်တို့၏ စုံစမ်းထောက်လှမ်းသတင်းဆောင်းပါးကို ဖတ်ရှုပါ။

Miya Win International, Schiebel Corporation နှင့် Gorizont တို့အကြောင်း ကျွန်ုပ်တို့၏ စုံစမ်းထောက်လှမ်းသတင်းဆောင်းပါးကို ဖတ်ရှုပါ။

Sky Aviator Company Limited အကြောင်း အလေးပေးဖော်ပြထားသည့် ယူကရိန်းနိုင်ငံမှ စစ်လက်နက်ရောင်း ဝယ်မှုအကြောင်း ကျွန်ုပ်တို့၏ စုံစမ်းထောက် လှမ်းသတင်းဆောင်းပါးကို ဖတ်ရှုပါ။

ယူကေနိုင်ငံ၏ ယခုနောက်ဆုံး ဒဏ်ခတ်ပိတ်ဆို့မှုကြေညာချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများအဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲ

သော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror: https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/